ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၅၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ၁-၆-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတက်ရောက်ကုသရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ မုံရွာ-ကလေးဝ ကားလမ်းမြေယာလျော်ကြေး ကိစ္စဆောင်ရွက်ရန်။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးညီညီထွေး(ခ) ဦးကိုကိုလေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ မိခင်ဖြစ်သူကျန်းမာရေး။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးရုံတက်ရောက်ကုသနေပါသည်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတက်ရောက်ကုသနေပါသည်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်နှင့် ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးရုံတက်ရောက် ကုသနေပါသည်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၉)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၃၀)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ရှားသစ်မြို့နယ်၊ သံလွင်မြစ်ကူးတံတား (ရှားသစ်-စွပ်ပိုင်) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း က ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ရှားသစ်မြို့နယ်၊ သံလွင်မြစ်ကူးတံတား (ရှားသစ်-စွပ်ပိုင်) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်မှာ သံလွင်မြစ်ကြီးဟာ မြောက်ကနေ တောင်ကို ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ သံလွင်မြစ်ကြီး ပိုင်းခြားထားတဲ့အတွက် သံလွင်မြစ်အရှေ့ဘက်ခြမ်းမှာနေထိုင်တဲ့ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝနိမ့်ကျလျက်ရှိပါတယ်။ အဆိုပါနယ်မြေဟာ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်နယ်မြေနဲ့ ထိစပ်လျက်ရှိတဲ့အတွက် နယ်စပ်ကုန်သွယ်မှုအရလည်းကောင်း၊ တစ်ဖက်နိုင်ငံမှ ခရီးသွားများ ဝင်ရောက်လည်ပတ်နိုင်မှုအရလည်းကောင်း၊ ပြည်နယ်နှင့်ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အင်ဂျင်နီယာကြီးများကိုယ်တိုင် ၃-၁၂-၂၀၁၇ ရက်နေ့တွင် ကွင်းဆင်းတိုင်းထွာမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ (ရှားသစ်-စွပ်ပိုင်)နေရာရှိ သံလွင်မြစ်ကြီး၏ အကျယ်မှာ ပေ(၁၀၀၀)ခန့်ရှိ၍ ရေရှည်အစီအမံဖြင့် တံတားအား တည်ဆောက်ပေးပါက ကာလတစ်ခုတွင် တည်ဆောက်ပြီးစီးနိုင်မည်ဟု ယုံကြည်ပါသည်။ တံတားတည်ဆောက်ပြီးစီးပါက ထိုင်းနိုင်ငံ နယ်စပ်သို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါမည့် တံတားတစ်စင်း ဖြစ်လာမည် ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အဲဒါကတော့ တံတားတည်ဆောက်လိုတဲ့ နေရာဖြစ်ပါတယ်။ အတူတူပါပဲ ခင်ဗျား။ အဲဒါကတော့ အခုလက်ရှိ ကျွန်တော်တို့ မော်တော်ကားတွေကို ဇက်နှင့်ပဲ ကျွန်တော်တို့ ကူးနေကြတာ ဖြစ်ပါတယ်။ တစ်ခါကူးရင် ကျွန်တော်တို့ တစ်ခေါက်ကို အသွား ကျပ်(၅၀၀၀၀)၊ အပြန် ကျပ်(၅၀၀၀၀) ပေးရတာဖြစ်ပါတယ်။

ဟုတ်ကဲ့ ဒါ ကားကူးနေတဲ့ အချိန်ပါ။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများ၏ လိုလား ချက်အား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

သံလွင်မြစ်ကူးတံတား(စွပ်ပိုင်)တံတားအူကြောင်းမှ သံလွင်မြစ်အောက်ပိုင်းနှင့် မယ်ပိုင်ချောင်း၏ မြင်ကွင်းပုံ (န)



သံလွင်မြစ်ကူးတံတား(စွပ်ပိုင်)တံတားအူကြောင်းမှ သံလွင်မြစ်အထက်ပိုင်း၏ မြင်ကွင်းပုံ (န-၁)



တံတားမပြုပြင်-မဆောက်လုပ်မီ မြင်ကွင်းပုံ (န-၂)



**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းရှိ စိုးမဲကျီ ဆံတော်ရှင် တောင်ကျော်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းရှိ စိုးမဲကျီဆံတော်ရှင် တောင်ကျော်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော့်မဲဆန္ဒနယ်မြေဖြစ်တဲ့ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းရှိ စိုးမဲကျီ ဆံတော်ရှင် တောင်ကျော်လမ်း မြေသားလမ်းဖောက်လုပ်ခြင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရမှ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်ဟာ ရခိုင်ကမ်းရိုးတန်းဒေသတည်ရှိကာ ဖရုံကာကျွန်း(၃)ကျွန်းကို တွေ့ရပါလိမ့်မယ်။ ထို(၃)ကျွန်းအနက် အနောက်ဖရုံကာကျွန်းဟာ မြေငူကျွန်းပင် ဖြစ်ပါတယ်။ မေးငူဓာတ်စေတီတော်ကို အစွဲပြု၍ မြေငူကျွန်းဟု

ခေါ်ခြင်းပဲ ဖြစ်ပါတယ်။ ဆံတော်ရှင်စေတီတော်ဟာ မြေငူကျွန်းတောင်ဘက် ကမ်းဆုံးခါနီးတွင် အနောက်ဘက်သို့ ထိုးထွက်နေသော နီလာပဗ္ဗတတောင်ပေါ်၌ တည်ရှိပါတယ်။ ဤစေတီတော် ဗုဒ္ဓ မြတ်စွာဘုရား၏ ဆံတော်ဓာတ်များ ကိန်းအောင်းလျက်ရှိပါတယ်။ ယင်းကြောင့် ဆံတော်ရှင်စေတီဟု ခေါ်ကြပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေငူကျွန်းဟာ ရခိုင်ပြည်နယ်၏ မြို့တော် စစ်တွေမြို့နှင့် ငါးမိုင်ခန့်သာကွာဝေးပါတယ်။ မြေငူကျွန်းကျေးရွာအသီးသီးမှ ကူးတို့ စက်လှေများဖြင့် နေ့စဉ်ကူးသန်း သွားလာနေကြရပါတယ်။

ဆံတော်ရှင် စေတီတော်မှာမူ မြေငူကျွန်း၏တောင်ဘက်ကျွန်းဖျားတွင် တည်ရှိသောကြောင့် စစ်တွေမြို့နှင့် (၁၈)မိုင်ခန့် ကွာဝေးပါတယ်။ စစ်တွေမြို့မှ မြေငူကျွန်းသို့ လွယ်ကူစွာ သွားလာနိုင်သော်လည်း ဆံတော်ရှင်ဘုရားသို့ကား လွယ်ကူစွာ မသွားနိုင်ပေ။ အကြောင်းမှာ ဆံတော်ရှင်ဘုရား တည်ရှိရာနေရာဟာ ကျောက်ဆောင်ထူထပ်သော ပင်လယ်ကမ်းခြေ၌ တည်ရှိခြင်းပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေငူကျွန်းကို ရှေးအခါက ဘရုကစ္ဆကျွန်းဟု ခေါ်ဝေါ်ကြောင်း အစဉ်အလာပြောကြပါတယ်။ ဘရုကစ္ဆပ ပင်လယ်ဆိပ်ကမ်းမြို့ကြီး တည်ရှိခဲ့သည်ဟုလည်း ဆိုကြပါတယ်။ ပင်လယ်ကူးရွက်သင်္ဘောများ ဆိုက်ကပ်ဝင်နားကြသည်ဟုလည်း တွေ့ရပါတယ်။ သို့သော် ယခုအနေအထားက ဤသို့မဟုတ်ဘဲ မြေငူကျွန်းတွင် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နားနေနိုင်သော နေရာမရှိပေ၊ စိုးမဲကျီဆိပ်ကမ်းတစ်ခုသာ ကျောက်ဆောင်၊ သဲသောင်ကင်းသွားသောကြောင့် မြစ်ကြောင်းသွား သင်္ဘောများ၊ မော်တော်ဘုတ်များ ဆိုက်ကပ်နိုင်ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုးမဲကျီဆိပ်ကမ်းဆိုတာက မြောက်ဦးခေတ်ရဲ့ ယခင် မိဖုရားတစ်ပါးဖြစ်တဲ့ စိုးမဲကျီက ကုသိုလ်ပြုခဲ့တဲ့နေရာကို အကြောင်းပြုပြီးတော့ စိုးမဲကျီဆိပ်ကမ်းလို့ခေါ်တာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နှစ်စဉ်၊ နှစ်တိုင်း ဆံတော်ရှင်ဘုရားပွဲဟာ နတ်တော်လ(ဒီဇင်ဘာလ)တို့၌ ကျင်းပပြုလုပ်ကြပါတယ်။ စိုးမဲကျီဆိပ်ကမ်းမှ ဆံတော်ရှင်စေတီတော် မြတ်ကြီးအားဖူးမြော်ရန် စိုးမဲကျီဆိပ်ကမ်းမှ (၃)မိုင်ခန့်ကို ခေတ်အဆက်ဆက် သွားလာနေတဲ့ လမ်းကပဲ ယနေ့တိုင်သွားလာနေရခြင်း ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ စိုးမဲကျီ-ဆံတော်ရှင်လမ်း မြေသားလမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို အမျိုးသားလွှတ်တော်ကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်း ကျန်ရှိနေသော ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်၊ မဘိမ်းမြို့နယ်အတွင်းရှိ အရှည် (၃၀)မိုင်၊ (၄)ဖာလုံ လမ်းပိုင်းကို (၁၈)ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနိုင်ကိုကို က မန္တလေး-တကောင်း - ဗန်းမော် - မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်း ကျန်ရှိနေသော ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်၊ မဘိမ်းမြို့နယ်အတွင်းရှိ အရှည် (၃၀) မိုင်၊ (၄)ဖာလုံ လမ်းပိုင်းကို (၁၈)ပေအကျယ်

ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးအတွင်းမှာ ကျန်ရှိနေတဲ့ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ် နှင့် မဘိမ်းမြို့နယ်အတွင်းရှိ အရှည် (၃၀)မိုင်၊ (၄)ဖာလုံလမ်းပိုင်းကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် မည်သို့မည်ပုံ (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနား လမ်းပိုင်း ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေတဲ့ လမ်းပိုင်းတစ်ခု ဖြစ်ပါတယ်။ အဆိုပါ လမ်းပိုင်းအတွင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်အတွင်းတွင် (၃၀)မိုင်၊ (၄)ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရန် ကျန်ရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အရှည်(၃)မိုင်၊ (၅)ဖာလုံနှင့် ၎င်း လမ်းပိုင်းအတွင်းတွင် မိုင်တိုင်အမှတ် (၁၀၀/၀)မှ (၁၀၂/၀)မိုင်ကို တစ်ဖက်လျှင် (၃)ပေအကျယ်ချဲ့၍ တိုးချဲ့ဖောက်လုပ်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ အဲဒါကြောင့် အဆိုပါလမ်းပိုင်းအတွင်းမှာ ကျန်ရှိနေတဲ့ စစ်ကိုင်း တိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်အတွင်းတွင် မိုင်တိုင်အမှတ် (၈၇/၅)မှ(၁၀၀/၀)အထိ လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ်အတွင်းတွင် မိုင်တိုင်အမှတ် (၁၀၀/၀)မှ (၁၁၇/၀)နှင့် စစ်ကိုင်း တိုင်းဒေသကြီး၊ ကသာမြို့နယ်အတွင်း မိုင်တိုင်အမှတ် (၁၁၇/၀)မှ(၁၂၀/၀)အား မည်သည့်ဘဏ္ဍာရေး နှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ မည်သို့မည်ပုံ (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အကယ်၍ မရှိပါက စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေများမှ နှစ်စဉ်လျာထား တောင်းခံ ဆောင်ရွက် ဖောက်လုပ်ပေးပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေစွာ မေးမြန်းလိုက်ရပါတယ်ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ကရင်ပြည်နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း နယ်နိမိတ်များအား အများပြည်သူသိရှိပြီး ဥပဒေချိုးဖောက်မှုများ လျော့နည်းလာစေရန် ဥပဒေ၊ နည်းဥပဒေများ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားစာများအား အများပြည်သူသို့ အသိပညာပေး ရှင်းလင်းခြင်းများ ပြုလုပ်ပြီး လမ်းနယ်နိမိတ် မှတ်တိုင်များ တိုင်းတာစိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ နန်းမိုးမိုးထွေး က ကရင်ပြည်နယ်အတွင်းရှိ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း နယ်နိမိတ်များအား အများပြည်သူသိရှိပြီး ဥပဒေချိုးဖောက်မှုများ လျော့နည်းလာစေရန် ဥပဒေ၊ နည်းဥပဒေများ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားစာများအား အများပြည်သူသို့ အသိပညာပေး ရှင်းလင်းခြင်းများပြုလုပ်ပြီး လမ်းနယ်နိမိတ် မှတ်တိုင်များ တိုင်းတာစိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ နန်းမိုးမိုးထွေး ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ကရင်ပြည်နယ်ဟာ ယခင်က စစ်ဘေး၊ စစ်ဒဏ်တွေကြောင့် နယ်မြေအေးချမ်းမှုမရှိဘဲနဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးတော့ ဖွံ့ဖြိုးမှုနောက်ကျခဲ့တဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ယခုအခါမှာတော့ နယ်မြေအေးချမ်းလာတာနဲ့အမျှ ကျွန်မတို့ နိုင်ငံတော်အစိုးရကနေပြီးတော့ လမ်း၊ တံတားတွေ ဆောက်လုပ်လာတာကိုလည်း တွေ့ရတယ်။ နောက်ပြီးတော့မှ ကျွန်မတို့ ဒီပြည်နယ်မှာရှိတဲ့ ဘာသာရေး ခေါင်းဆောင် အကြီးအကဲတွေ၊ နောက် ဘုန်းတော်ကြီးတွေကနေပြီးတော့မှ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ထူကိုယ်ထ ဦးဆောင်ပြီးတော့မှ လမ်း၊ တံတားတွေ ဖောက်လုပ်တာကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလိုဖောက်လုပ်လာတဲ့အခါမှာ နိုင်ငံတော်အစိုးရက ဖောက်လုပ်ထားတဲ့ ကျွန်မရဲ့ မဲဆန္ဒနယ်မှာရှိတဲ့ ထီလုံ-တာပေါင်-နဘူး-ပတလမ်းနဲ့ လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းတွေဟာဆိုလို့ရှိရင် တချို့သော ကျေးရွာတွေကို ဖြတ်ပြီးတော့မှ ဖောက်လုပ်ထားတာ ဖြစ်တဲ့အတွက် အဲဒီမှာ မူလနဂို လက်ရှိပေါ့နော် နေထိုင်နေတဲ့ အိမ်တွေ၊ လမ်းဧရိယာနှင့် မလွတ်ကင်းတဲ့ အိမ်တွေရှိသလို လမ်းဖောက်လုပ်ပြီးမှ နောက်ထပ် ထိုးဖောက်ပြီးတော့မှ လမ်းရဲ့ဧရိယာအပေါ်မှာ ဆောက်လုပ်နေတဲ့ အိမ်တွေ၊ ဆိုင်ခန်းတွေ၊ အပင်တွေလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုးကြည့်မယ်ဆိုရင် ဒီလိုမျိုးလာပြီးတော့မှ နေထိုင်လာတာရှိမယ်။ လမ်းဦးစီးဌာနအနေနဲ့ ကြည့်မယ်ဆိုရင် ဒါဟာ ဥပဒေချိုးဖောက်ပြီးတော့မှ ကျူးကျော်တယ်လို့ ပြောလို့ရပေမယ့် တစ်ဖက်က ကျွန်မတို့ ပြည်သူတွေဘက်ကကြည့်တယ်

ဆိုလို့ရှိရင်လည်း ဒါ မိဘ၊ ဘိုးဘွား အစဉ်အဆက်နေထိုင်လာခဲ့တဲ့မြေ၊ လုပ်ကိုင်စားသောက်လာခဲ့တဲ့မြေတွေဖြစ်တဲ့အတွက် ဒါက လမ်းဦးစီးဌာနက လာကျူးကျော်တယ်လို့ ပြောမှာပဲ ဖြစ်ပါတယ်။

အဲဒီလိုပဲ ကျွန်မတို့ နိုင်ငံတော်အစိုးရက နေပြီးတော့မှ ကျေးရွာမီးလင်းရေးတွေအတွက် ဒီလျှပ်စစ် 11 KV လိုင်းတွေ သွယ်တန်းပေးလျက်ရှိတဲ့အခါမှာ တင်ဒါအောင်ထားတဲ့ ကုမ္ပဏီက မီးတိုင်ကို လာပြီးတော့ စိုက်တဲ့အခါမှာ ခုန ကျွန်မပြောတဲ့ လှိုင်းဘွဲ့-ရှမ်းရွာ၊ ထီလုံ-တာပေါင်-နဘူး-ပတလမ်းကို ဖြတ်ပြီးတော့မှ တိုင်စိုက်ရတာတွေရှိတယ်။ ကုမ္ပဏီကနေ တိုင်စိုက်တဲ့အခါမှာ လမ်းဦးစီးဌာနကနေပြီးတော့မှ သူတို့ရဲ့လမ်းဧရိယာပေါ်မှာ လုံးဝမစိုက်ရဘူးဆိုပြီးတော့ တားမြစ်ပါတယ်။ ကျွန်မတို့ ဒီမြေပေါ်မှာ နေထိုင်နေတဲ့ ကျေးရွာပြည်သူလူထုတွေက နေပြီးတော့လည်း ဒါက သူတို့မြေဖြစ်တယ်။ မီးတိုင်စိုက်တာကို လုံးဝလက်မခံပါဘူး ဆိုပြီးတော့ တွန်းတိုက်မှုတွေ ဖြစ်ပေါ်လာပါတယ်။ အဲဒီအခါမှာ လမ်းဦးစီးဌာနနဲ့ ဒီကုမ္ပဏီနဲ့က ဘယ်လိုညှိသလဲဆိုတော့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ အကယ်၍ ဒီလမ်းက တိုးချဲ့လာခဲ့မယ်ဆိုလို့ရှိရင် မီးတိုင်စိုက်ပေးပါမယ်။ ပြန်ပြီးတော့ ပြောင်းရွှေ့ပြီးတော့ စိုက်ပေးပါမယ် ဆိုပြီးတော့ အလွယ်နည်းနဲ့ ဖြေရှင်းခဲ့ကြတာ ဖြစ်ပါတယ်။

ထိုနည်းလည်းကောင်းပဲ ဒီလမ်းဧရိယာပေါ်မှာရှိတဲ့ တချို့တောင်သူတွေဟာ ဆိုလို့ရှိရင် ပုံစံ(၇)ရရှိထားပြီးသား တောင်သူဖြစ်ပါတယ်။ အဲဒီလမ်းတွေဖောက်လုပ်ခဲ့တုန်းက ဒီတောင်သူတွေဟာ မြေယာလျော်ကြေး ဘာမှမရခဲ့သလို မြေယာလျော်ကြေးတွေ တောင်းဆိုခဲ့တာတွေလည်း မရှိခဲ့ပါဘူး။ ကျွန်မတို့ ပြည်သူတွေဟာဆိုလို့ရှိရင် လမ်းအတွက်ဆိုပြီးတော့ ဒါ ရက်ရက်ရောရောနဲ့ လမ်းအတွက် လှူခဲ့ကြတာ ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ဒီခရိုင်ချင်းဆက်လမ်း ဖြစ်တဲ့အတွက် တစ်ဖက်ကို (၇၅)ပေတော့ လှူဒါန်းနိုင်ဖို့အတွက်ကတော့ စဉ်းစားစရာဖြစ်ပါတယ်လို့။ ဒါကြောင့်မို့လို့ ကျွန်မသိချင်တာက အဲဒီ ထီလုံ-တာပေါင်-နဘူး-ပတလမ်းနှင့် ပြီးခဲ့တဲ့ ၂၇ ရက်နေ့က ဖွင့်လှစ်ခဲ့တဲ့ လှိုင်းဘွဲ့-ရှမ်းရွာသစ်လမ်းတွေ ဖောက်လုပ်ခဲ့တဲ့အခါမှာ ဒီဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းတွေနှင့်အညီ ဖောက်လုပ်ခဲ့ကြတာ ဟုတ်/ မဟုတ် သိလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်မတို့ ကရင်ပြည်နယ်မှာရှိတဲ့ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်းနှင့် ဒီ ကျေးရွာချင်းဆက်လမ်း နယ်နိမိတ်တွေက အများပြည်သူ သိရှိပြီးတော့ လမ်းဧရိယာပေါ်မှာ ထပ်ပြီးတော့ ကျူးကျော်နေထိုင်လာတာမျိုးတွေ မဖြစ်အောင် ဥပဒေချိုးဖောက်မှုတွေ လျော့နည်း လာအောင်ပေါ့နော်။ ဒီလမ်းမကြီးရဲ့ ဥပဒေ၊ နည်းဥပဒေ အနေနဲ့ အခါအားလျော်စွာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အမိန့်၊ ညွှန်ကြားစာတွေကို ကျွန်မတို့ပြည်သူတွေဆီကို အသိပညာပေး ရှင်းလင်းပြီးတော့မှ လက်ရှိဒီလမ်းနယ်နိမိတ်တွေ၊ မှတ်တိုင်တွေကိုလည်း ဥပဒေနှင့်အညီ တိုင်းတာသတ်မှတ်ပေးဖို့ အစီအစဉ် ရှိ/မရှိတို့ကို လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာ မေးမြန်းလိုက်ရပါတယ်ရှင်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ လောက်လုံး၊ လီချား၊ ဘွန်လုံး၊ ဒေါင်ဗား၊ ဖိုင်ဖာ(က)၊ ဖိုင်ဇောင်း၊ လုံရန်း၊ လုံခင်း၊ လေပီး ဟူသော ကျေးရွာ(၉)ရွာအား ရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ် က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းရှိ လောက်လုံး၊ လီချား၊ ဘွန်လုံး၊ ဒေါင်ဗား၊ ဖိုင်ဖာ(က)၊ ဖိုင်ဇောင်း၊ လုံရန်း၊ လုံခင်း၊ လေပီးဟူသော ကျေးရွာ(၉)ရွာအား ရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ ဟားခါးမြို့နယ်အတွင်းမှာရှိတဲ့ လောက်လုံး၊ လီချား၊ ဘွန်လုံး၊ ဒေါင်ဗား၊ ဖိုင်ဖာ(က)၊ ဖိုင်ဇောင်း၊ လုံရန်း၊ လုံခင်း၊ လေပီး ဟူသော ကျေးရွာ(၉)ရွာကို ဆက်သွယ်ထားတဲ့ ရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ အကျိုးအကြောင်းပြချက်ကတော့ ဟားခါးမြို့နယ်အတွင်းမှာရှိတဲ့ ဟားခါးမြို့မှတောင်ဘက် (၉)မိုင်မှာရှိတဲ့ လောက်လုံးဟာဆိုရင် အဲဒီကနေပြီးတော့ အနောက်ဘက် (၉)မိုင်အကွာမှာရှိတဲ့ ဘွေနူးမြစ်တစ်ဖက်ကမ်းရှိ လီချားရွာမှစပြီးတော့ တောင်ဘက်တောက်လျှောက် လီချား၊ ဘွန်လုံး၊ ဒေါင်ဗား၊ ဖိုင်ဖာ(က)၊ ဖိုင်ဇောင်း၊ လုံရန်း၊ လုံခင်း၊ လေပီး ဟူသော ရွာ(၉)ရွာ၊ အဲဒီ(၉)ရွာကို ဆက်သွယ်ပေးတဲ့ ကားလမ်းဟာ အခုထိမရှိသေးဘူး။ လားလမ်းပဲရှိပါတယ်။ အရင်တုန်းက။

ဤရွာများသည် မြေဩဇာအသင့်အတင့်ကောင်းမွန်သော ရွာများဖြစ်ပြီးတော့ စိုက်ပျိုးသီးနှံအထွက်ကောင်းတဲ့ ရွာများဖြစ်တယ်။ “ဝ” ဥနှင့် ဆေးဖက်ဝင်အပင်များ ပေါ်များကြွယ်ဝတဲ့ ဒေသလည်းဖြစ်တယ်။ လောက်လုံး၊ လီချား၊ ဘွန်လုံး၊ ဘွေနူးမြစ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ဇာထာလ်ရွာ၊ ဆတ္တားရွာ၊ ဒင်လိုပါးနှင့် ဖိုင်ဖာ(ခ)အဲဒီရွာတွေဟာဆိုရင် မြေပြင်အနေအထားအရ နွားမွေးမြူရန်အလွန်ကောင်းတဲ့ ရွာများဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ပေးတဲ့ ကားလမ်းပေါက်မယ်ဆိုရင်တော့ ဒေသထွက်သစ်သီးဝလံများနဲ့ သီးနှံများကို မြို့ကြီးဖြစ်တဲ့ ဟားခါးကို အလွယ်တကူရောင်းဝယ်တင်ပို့နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူများအတွက် ဝင်ငွေတိုးလာမှာ ဖြစ်ပါတယ်။

ဒီရွာ (၉)ရွာရဲ့ အကွာအဝေးကို အနည်းငယ်တင်ပြလိုပါတယ်။ ဟားခါးကနေ လောက်လုံးဆိုတာ (၉)မိုင်ရှိပါတယ်။ နောက် လောက်လုံးကနေ လီချား(၆)မိုင်ရှိတယ်။ လီချားကတော့ အိမ်ခြေ(၅၀)အိမ်လောက်ပဲရှိတယ်။ လီချားနှင့် ဘွန်လုံးက (၈)မိုင်ရှိပြီးတော့ ဘွန်လုံးက အိမ်ခြေ(၁၈၃)အိမ်ရှိတယ်။ ဘွန်လုံးနှင့် ဒေါင်ဗားက (၁၂)မိုင်ရှိတယ်။ ဒေါင်ဗားက အိမ်ခြေ(၈၀)ရှိတယ်။ ဒေါင်ဗားကနေ

ဖိုင်ဖာ(က) (၁၈)မိုင် ဝေးပါတယ်။ အိမ်ခြေ (၃၅)အိမ်ရှိပါတယ်။ နောက်တစ်ခါ ဖိုင်ဖာ(က)ကနေ ဖိုင်ဇောင်း (၉)မိုင်ရှိပြီးတော့ ဖိုင်ဇောင်းက အိမ်ခြေ (၁၂၀)အိမ်ရှိတယ်။ ဖိုင်ဇောင်းကနေ လုံရန်းက (၅)မိုင် ဝေးပြီးတော့ လုံရန်းက အိမ်ခြေ (၂၁၇)အိမ်ရှိပါတယ်။ နောက်တစ်ခါ လုံရန်းကနေ လုံခင်း (၁၀)မိုင် ဝေးပြီးတော့ လုံခင်းဟာဆိုရင် အိမ်ခြေ(၁၁၇)အိမ်ရှိပါတယ်။ နောက်တစ်ခါ လုံခင်းနှင့် လေပီးဟာဆိုရင် (၁၀)မိုင် ဝေးတယ်။ နောက် လေပီးဟာဆိုရင် (၁၀၃)အိမ်ရှိပါတယ်။

အထူးပြောချင်တဲ့ အချက်ကတော့ ဒီလမ်းမိုင်တွေဟာဆိုရင် ယခင် လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀)၊ (၆၀) က လားလမ်းအတိုင်း အတိုင်းအတာကို ပြောခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကားလမ်း ဖောက်မယ်ဆိုရင်တော့ ဒီထက်ပိုပြီးတော့ ဝေးကွာသွားနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ လောက်လုံးနှင့် လီချားလမ်းဟာ (၆)မိုင်ဝေးတယ်။ အဲဒီ (၆)မိုင်ဟာ ကားလမ်းပေါက်ပြီး ဖြစ်ပေမယ့် ဘွေနူးမြစ်ကူးတံတား ဘေလီတံတားမရှိသေးတဲ့အတွက်ကြောင့် နွေရာသီ ရေနည်းတဲ့အချိန်မှာပဲ ကားများ သွားလာနိုင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများအတွက် ဘွေနူးမြစ် အနောက်ဘက် ကမ်းမှာရှိတဲ့ ဒီရွာ(၉)ရွာကို ဆက်သွယ်ပေးထားတဲ့ လောက်လုံး- လီချား - ဘွေနူး မြစ်ကူးတံတား အပါအဝင်ပေါ့။ အဲဒီရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုလားတန်မြစ် အနောက်ဘက်၊ ပလက်ဝမြို့မှ အဘောင်သား ကျေးရွာအထိ ဆိုင်ကယ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။**　　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုလားတန်မြစ် အနောက်ဘက်၊ ပလက်ဝမြို့မှ အဘောင်သား ကျေးရွာအထိ ဆိုင်ကယ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　　။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ ပလက်ဝ မြို့နယ် ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေ့တင်း ဖြစ်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့သည် ချင်းပြည်နယ်အတွင်း လူဦးရေအထူထပ်ဆုံး မြို့နယ်တစ်ခုဖြစ်ပါတယ်။ ပထဝီမြေအနေအထားအရ တောင်ကုန်းတောင်တန်း၊ လျှိုမြောင်များပေါ များပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းလှပါတယ်။ ယခု ကျွန်တော်မေးမြန်းသော ပလက်ဝ - အဘောင်သား - ခဝဲလမ်းကို လွန်ခဲ့သော အစိုးရသက်တမ်း ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ပြီး ဖောက်လုပ်သော ဆိုင်ကယ်လမ်းဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းအား စတင်ဖောက်လုပ်စဉ်က ပလက်ဝ -

အဘောင်သား - ခဝဲ ဆိုင်ကယ်လမ်းဖြစ်သော်လည်း တကယ်ဖောက်လုပ်သည့်အခါမှာ အဘောင်သား - ခဝဲလမ်းကိုသာ ဖောက်လုပ်ခဲ့ပါတယ်။ ပလက်ဝ - အဘောင်သားလမ်းကိုတော့ ယခုထိ ဖောက်လုပ်နိုင်ခြင်း မရှိသေးပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝ-အဘောင်သား-ခဝဲ လမ်းပိုင်းသည် အများပြည်သူ နေ့စဉ်ရက်ဆက်သွားလာသော လမ်းပိုင်းဖြစ်သည့်အပြင် အလယ်တန်း၊ အထက်တန်း ကျောင်းသူ၊ ကျောင်းသားများ မြို့ပေါ်သို့ ကျောင်းသွားနေသော ကျောင်းတက်နေသော လမ်းလည်းဖြစ်ပါတယ်။ ဒီ့အပြင် အများပြည်သူ လုံခြုံရေးအတွက် စစ်ရေးစစ်ရာ မဟာဗျူဟာကျသောလမ်းလည်းဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူစေရန်နှင့် လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်တင်ပြပါလမ်းအား ဖောက်လုပ်ရန် လိုအပ်လျက်ရှိပါတယ်။ သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှလည်း အဆိုပါလမ်းပိုင်းအား ဖောက်လုပ်ပေးမည်ဟုလည်း ယုံကြည်နေပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကုလားတန်မြစ် အနောက်ဘက်၊ ပလက်ဝမြို့မှ အဘောင်သား ကျေးရွာအထိ ဆိုင်ကယ်လမ်းအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးဟန်ဇော် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကယားပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း မေးမြန်းထားတဲ့ ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ရွာသစ်မြို့နယ်၊ သံလွင်မြစ်ကူး တံတား (ရွာသစ်-စွပ်ပိုင်) တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းပြီး မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်ရဲ့ ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘောလခဲခရိုင်၊ ရွာသစ်မြို့နယ်၊ ဘောလခဲ - ရွာသစ် - စွပ်ပိုင်လမ်း မိုင်တိုင် (၂၇/၃)မှာ သံလွင်မြစ်ကူးတံတား (စွပ်ပိုင်)

တည်ဆောက်ရေးအတွက် ကွင်းဆင်းတိုင်းတာခဲ့တာ တံတားအူကြောင်း(၃)ခုအနက် မြစ်ကမ်းပါး တည်ငြိမ်မှုရှိတဲ့ ဇက်ဆိပ်ရဲ့အထက် (၃၁၂)ပေအကွာ မယ်ပိုင်ချောင်း ဝင်ပေါက်ရဲ့ အထက်ပိုင်းမှာရှိတဲ့ မြစ်ကျယ်ကွေ့ရဲ့ အောက်ပိုင်းဖြောင့်တန်းသော တံတားအူကြောင်း(၁)ကို ရွေးချယ်ခဲ့ပါတယ်။ Bank to Bank အကွာအဝေးမှာ ပေ (၈၉၀)ရှိပြီးတော့ ခန့်မှန်း တံတားအရှည်မှာ ပေ (၁၄၀၀)ခန့်ရှိပါတယ်။ တံတားချဉ်းကပ်လမ်းအရှည်မှာ မြစ်ရဲ့အရှေ့ဘက်ကမ်းမှာ လက်ရှိမြေသားလမ်းကို (၂)ဖာလုံခန့်ကွာ ဝေးပြီး ယာဉ်များအဆင်ပြေစွာ ဝင်/ထွက်သွားလာနိုင်ပါတယ်။ မြစ်ရဲ့ အနောက်ဘက်ကမ်းမှာတော့ ချဉ်းကပ်လမ်း (၁)ဖာလုံခန့် တောင်ဖြိုပြီးတော့ လမ်းဖောက်ရမှာဖြစ်ပြီး (၁.၅)ဖာလုံခန့် လမ်းသစ် ဖောက်လုပ်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်မြစ်ကူးတံတား (စွပ်ပိုင်) တည်ဆောက်မယ့် နေရာဟာ ထိုင်းနိုင်ငံ၊ မယ်ဟောင်ဆောင်ခရိုင်နှင့် ကယားပြည်နယ်တို့ရဲ့ BP-10 လမ်းကြောင်းပေါ်မှာ တည်ရှိပြီး တံတားတည်ဆောက်ဖို့အတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဘတ်ဂျက်မှာ ကျပ်သန်း(၅၀) ခွင့်ပြုခဲ့ပါတယ်။ အဲဒီဘတ်ဂျက်နှင့် တံတားအထူးအဖွဲ့(၆)မှ တံတားအူကြောင်း ရှာဖွေခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၈)ရဲ့ ဆုံးဖြတ်ချက်အပိုဒ်(၈၇)(ဃ)မှာ ထိုင်းနိုင်ငံဘက်မှ လမ်းဖောက်လုပ်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စများ ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါသဖြင့် လောလောဆယ် တည်ဆောက်ရန်မသင့်ကြောင်း ဆုံးဖြတ်ခဲ့ပါသဖြင့် တံတားတည်ဆောက်ရေးကိစ္စနှင့်ပတ်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းမှာ ရှိတဲ့ စိုးမဲကျီ ဆံတော်ရှင် တောင်ကျော်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အနောက် ဖရုံကာကျွန်းရှိ စိုးမဲကျီ ဆံတော်ရှင် တောင်ကျော်လမ်း အရှည်(၃)မိုင်သည် သဲခုံ ဆံတော်ရှင် မြေသားလမ်းသို့ ဆက်သွယ်တဲ့လမ်းပိုင်း ဖြစ်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနမှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းရဲ့ လက်ရှိအခြေအနေမှာ လူသွားလမ်းအဆင့်သာရှိပြီးတော့ မြေသားလမ်း ဖောက်လုပ်နိုင်ရန် မြေပြင်အခြေအနေအရ တိုင်းတာဆောင်ရွက်ပြီး Geometric Design နှင့် Structural Design များအရ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါလမ်းမှာ လမ်းအဆင့်သတ်မှတ်ချက်အရ Class C ဦးစားပေးအဆင့်(၁)မှာ ပါဝင်တဲ့လမ်းဖြစ်သဖြင့် လမ်းအဆင့်မြှင့်တင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ လျာထားတောင်းခံ ပေးသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို မေးမြန်းထားတဲ့ မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်း ပြည်ထောင်စုလမ်းမကြီးအတွင်း ကျန်ရှိနေတဲ့ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်၊ မဘိမ်းမြို့နယ်အတွင်းမှာရှိတဲ့ အရှည် (၃၀)မိုင်၊ (၄)ဖာလုံ လမ်းပိုင်းကို (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်းရဲ့ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်နှင့် မဘိမ်းမြို့နယ်အပိုင်းဟာ မိုင်တိုင်အမှတ် (၆၀/၃)မှ (၁၁၉/၀)အထိ (၅၈)မိုင်(၅)ဖာလုံ ရှည်လျားပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၈ ရက်နေ့အထိ လမ်းအခြေအနေကတော့ (၁၈)ပေအကျယ် ကတ္တရာလမ်း (၂၉)မိုင် (၃.၃၅) ဖာလုံ၊ ကျောက်လမ်း (၂၉)မိုင် (၁.၆၅)ဖာလုံ၊ စုစုပေါင်း (၅၈)မိုင်၊ (၅)ဖာလုံဖြစ်ပါတယ်။ မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၈၅/၀)မှ (၁၂၀/၀)အတွင်း (၃၅)မိုင် အရှည် (၁၈)ပေအကျယ် ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ဖောက်လုပ်ဖို့အတွက် ကျွန်တော်တို့ International Project Management အစီအစဉ်အတိုင်း Detail Design Review ပြုလုပ်ခြင်း၊ Bidding Document များ ပြင်ဆင်ခြင်း၊ Technical Evaluation များပြုလုပ်ခြင်း၊ Price Bid Opening များပြုလုပ်ခြင်းစတဲ့ လုပ်ငန်းများကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ODA Loan ချေးငွေနှင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကရင်ပြည်နယ် အမှတ်(၄) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေး မှ မေးမြန်းထားတဲ့ ကရင်ပြည်နယ် အတွင်းမှာရှိတဲ့ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း နယ်နိမိတ်များအား အများပြည်သူသိရှိပြီး ဥပဒေချိုးဖောက်မှုများ လျော့နည်းလာစေရန် ဥပဒေ၊ နည်းဥပဒေများ၊ အခါအားလျော်စွာ ထုတ်ပြန်တဲ့အမိန့်၊ ညွှန်ကြားစာများအား အများပြည်သူသို့ အသိပညာပေး ရှင်းလင်းခြင်းများပြုလုပ်ပြီး လမ်းနယ်နိမိတ်မှတ်တိုင်များ တိုင်းတာစိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ လမ်းဦးစီးဌာနအနေနဲ့ ပြည်ထောင်စုလမ်း(၁၄)လမ်းနှင့် ပြည်နယ်လမ်း (၃၂)လမ်း၊ စုစုပေါင်း (၄၆)လမ်းကို တာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ကရင်ပြည်နယ်အတွင်းရှိတဲ့ ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်ချင်းဆက်လမ်း၊ ကျေးရွာချင်းဆက်လမ်း နယ်နိမိတ်များကို အများပြည်သူသိရှိနိုင်စေရန်နှင့် လမ်းဧရိယာပေါ်မှာ ကျူးကျော်နေထိုင်မှုများ၊ ဥပဒေချိုးဖောက်မှုများ လျော့နည်းလာစေရန်အတွက် လမ်းနယ်နိမိတ်သတ်မှတ်ချက်နှင့် လမ်းအဆင့်အတန်းသတ်မှတ်ချက်များကို ဒေသန္တရအမိန့် ထုတ်ပြန်ထားရှိပြီး ၎င်းဒေသန္တရအမိန့်များကိုလည်း ၂၀၁၄ ခုနှစ်မှာ ခရိုင် (၄)ခုဖြစ်တဲ့ ဘားအံ၊ ကော့ကရိတ်၊ ဖာပွန်၊ မြဝတီ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို ပေးပို့ပြီး ၎င်းတို့မှတစ်ဆင့် ဖြန့်ဝေအသိပေးထားပြီးဖြစ်ပါတယ်။

ဒါ့အပြင် သက်ဆိုင်ရာလမ်းပိုင်းအလိုက် လမ်းနယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းနှင့် လမ်းအမည်၊ လမ်းအဆင့်အတန်း၊ လမ်းနယ်အကျယ်တို့ကိုဖော်ပြပြီး လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်ပါက လမ်းမကြီးများဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းကို အများပြည်သူများ သိရှိစေရန် ဗီနိုင်းဆိုင်းဘုတ်များစိုက်ထူခြင်းတို့ကိုလည်း ဆောင်ရွက်ထားရှိပါတယ်။ လမ်းများရဲ့ လမ်းနယ်နိမိတ်သတ်မှတ်ချက်များနှင့်ပတ်သက်ပြီး လမ်းအဆင့်အတန်းအလိုက် အမြန်လမ်းမကြီးကို (၄၀၀)ပေ၊ အထူးမြို့ပတ်လမ်းများကို (၃၀၀)ပေ၊ နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးများကို (၂၃၀)ပေ၊ ပြည်ထောင်စုလမ်းမကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်တဲ့လမ်းများ၊ ခရိုင်နှင့်မြို့နယ်များဆက်သွယ်တဲ့လမ်းများကို (၁၅၀)ပေ၊ မြို့နယ်နှင့်ကျေးရွာများ ဆက်သွယ်သည့်လမ်းများကို (၁၀၀)ပေအဖြစ် သတ်မှတ်ထားပြီး အဆိုပါ သတ်မှတ်ထားမှုများကို ၁၆-၇-၂၀၁၅ ရက်နေ့မှ ၂၂-၇-၂၀၁၅ ရက်နေ့အထိ မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်တို့မှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

လမ်းမကြီးများဥပဒေအသစ် ပြင်ဆင်ထုတ်ပြန်ခဲ့တဲ့ ၂၄-၇-၂၀၁၄ ရက်နေ့နောက်ပိုင်း လမ်းနယ်အတွင်း ကျူးကျော်ဆောက်လုပ်မှုများကို လမ်းမကြီးများဥပဒေအရ အရေးယူဖယ်ရှားသွားမှာဖြစ်ကြောင်းနှင့် ကြေညာချက်မထုတ်ပြန်မီ တည်ရှိခဲ့တဲ့ အခိုင်အမာ အဆောက်အဦများကိုတော့ လမ်းအဆင့်မြှင့်တင်ချိန်၌ မလွတ်ကင်းပါက ဖယ်ရှားပေးရမည်ဖြစ်ကြောင်း ကြေညာချက်မှာ ထည့်သွင်းဖော်ပြထားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းနယ်နိမိတ် သတ်မှတ်ချက်များနှင့်စပ်လျဉ်းပြီးအများပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက် လမ်းနယ်နိမိတ်မှတ်တိုင်များကို ထပ်မံစိုက်ထူပေးသွားမှာဖြစ်ပါတယ်။ လမ်းနယ်နိမိတ်အတွင်း အဆောက်အဦများ ကျူးကျော်ဆောက်လုပ်မှုမရှိစေရေးအတွက်အသိပညာပေးလုပ်ငန်းတစ်ရပ်အနေနှင့် ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ခရိုင်(၄)ခုမှာ သက်ဆိုင်ရာခရိုင်မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့များနှင့် လမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်းလမ်းနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များကို ပြည်သူလူထုသို့ ထပ်မံချပြရှင်းလင်းခြင်းများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်အတွင်းမှာရှိတဲ့ လောက်လုံး၊ လီချား၊ ဘွန်လုံး၊ ဒေါင်ဗား၊ ဖိုင်ဖာ(က)၊ ဖိုင်ဇောင်း၊ လုံရန်း၊ လုံခင်း၊ လေပီးကျေးရွာ(၉)ရွာအား ကျေးရွာချင်းဆက် ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့နယ်အတွင်းရှိ လောက်လုံး၊ လီချား၊ ဘွန်လုံး၊ ဒေါင်ဗား၊ ဖိုင်ဖာ(က)၊ ဖိုင်ဇောင်း၊ လုံရန်း၊ လုံခင်း၊ လေပီး ကျေးရွာ(၉)ရွာအား ရွာချင်းဆက်လမ်းများအနက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့ လောက်လုံး - လီချားလမ်း (၆)မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ (၂၀)ပေအကျယ် မြေသားလမ်း (၃)မိုင်ခန့်ဖောက်လုပ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု (၁၂)လရန်ပုံငွေမှာ မြေသား

လမ်း(၃)မိုင် ဆက်လက်ဖောက်လုပ်ရန်နှင့် ၎င်းလမ်းပေါ်မှာရှိတဲ့ ဘွေနူးမြစ်ကူး (တီးမစ်) ချောင်းကူး တံတားတည်ဆောက်နိုင်ရန်အတွက်လည်း ရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပါတယ်။

ကျန်ရှိနေတဲ့ ဒေါင်ဗား - ဖိုင်ဖာ(က) - ဖိုင်ဇောင်း - လုံရန်း - လုံခင်း - လေပီးလမ်း (၇၅/၀) မိုင်ဟာ ကျေးလက်လမ်းဦးစီးဌာန၊ လမ်းစာရင်းမှာပါဝင်ခြင်း မရှိသေးပါသဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ကုလားတန်မြစ် အနောက်ဘက်၊ ပလက်ဝမြို့မှ အဘောင်သားကျေးရွာအထိ ဆိုင်ကယ်လမ်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ ကုလားတန်မြစ်ရဲ့ အနောက်ဘက်၊ ပလက်ဝမြို့မှ အဘောင်သားကျေးရွာအထိ လမ်းအရှည် (၁၀)မိုင်ဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ အဲဒီ အဆိုပါလမ်းပိုင်းဟာ လမ်းအဆင့်သတ်မှတ်ချက်အရ (Class-A) ဦးစားပေး အဆင့်(၁)မှာပါဝင်လို့ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ (၁၂)လရန်ပုံငွေမှာ မြေသားလမ်း(၃)မိုင် ဖောက်လုပ်နိုင်ရန်အတွက် တင်ပြထားပါတယ်။ ၎င်းအပြင် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ (၄)မိုင်အားလည်းကောင်း၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ (၃)မိုင်အားလည်းကောင်း ဆက်လက်ဆောင်ရွက်နိုင်ရေး နှစ်အလိုက် ပြည်ထောင်စုရန်ပုံငွေမှာ ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ ၆-၁၁-၂၀၁၇ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး တတိယနေ့ ၁၈-၁-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။	။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၆ - ၆ -၂၀၁၈ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေး အပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။	။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်မ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးမှုအရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မကျိန်ငိုက်မန် မှ ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၂၈၈

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ မေ လ ၂၄ ရက်

၁။ ပြည်သူ့လွှတ်တော်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၉-၃-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နဲ့ ၂၃-၅-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကော်မတီရဲ့သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ် ရေးထိုးပြီး ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ကျွန်တော် ဒေါက်တာမျိုးအောင် က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။

# အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၃၁၀

ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၇-၅-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ၂၅-၅-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၈-၅-၂၀၁၈ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

## လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များအတိုင်း ဆက်လက်ထားရှိသင့်ပါကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ကြပါသည်။

## ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြု ဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီ အလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။ ဥပဒေကြမ်းရဲ့ ခေါင်းစဉ်ပြင်ဆင်ချက် -

**အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်    ။)**
**၁၃၈၀ ပြည့်နှစ်၊    လ    ရက်**
**(၂၀၁၈ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂(ဃ)၊ အပိုဒ် ၄၁၊ အပိုဒ် ၄၄ ခြေဆင်း၊ အပိုဒ် ၄၅ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၅၁(က) ပြင်ဆင်ဖြည့်စွက်ချက်များကို တင်ပြမှာဖြစ်ပါတယ်။

အပိုဒ် ၂(ဃ) ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဈ) သပိတ်မှောက်ခြင်း ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှု တစ်ခုခုတွင် ညှိနှိုင်း၍ မရနိုင်သည့် အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ အလုပ်သမားအချို့က ဖြစ်စေ၊ အားလုံးကဖြစ်စေ၊ လုပ်ငန်းခွင်နှင့်သက်ဆိုင်သည့် အလုပ်သမား အဖွဲ့အစည်းများကဖြစ်စေ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ အလုပ်ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ ငြင်းဆန်ခြင်း၊ အလုပ်နှောင့်နှေးစေရန် ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစု သဘောတူညီမှုဖြင့် ထုတ်လုပ်မှုကို ဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏ အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက် ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာယုံကြည်သည့် အကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွာသွားနိုင်သော ယင်းတို့၏ အခွင့်အရေးကို ကျင့်သုံးခြင်း မပါဝင်။

အပိုဒ် ၄၁ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၉ ၏ နောက်တွင် ပုဒ်မ ၄၉(က) နှင့် ပုဒ်မ ၄၉(ခ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၄၉(က)။ သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့တွင် ပါဝင်သော အဖွဲ့ဝင်တစ်ဦးဦးသည် သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းကြောင်း စစ်ဆေးတွေ့ရှိပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းခံရမည်။

၄၉(ခ)။ နိုင်ငံ့ဝန်ထမ်းများသည် အလုပ်သမား အငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ ကိစ္စရပ်များကို ဤဥပဒေနှင့် နိုင်ငံ့ဝန်ထမ်း ဥပဒေတို့နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အပိုဒ် ၄၄ ခြေဆင်း အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

အပိုဒ် ၄၅ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၅၁(က) ပြင်ဆင်ချက် ဖြစ်ပါတယ်။

၅၁(က)။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုသည့် နှစ်ဖက်သဘောတူစာချုပ်နှင့် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တို့၏ ဆုံးဖြတ်ချက်များအား လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ငွေကြေး ခံစားခွင့်ပေးရန် ပျက်ကွက်သောကာလ ရက်ပေါင်း (၃၀)ကျော်လွန်လျှင်သော်လည်းကောင်း သက်ဆိုင်ရာ ဦးစီးဌာန သို့မဟုတ်

ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော အရာရှိက ဖြစ်စေ၊ နစ်နာသူကဖြစ်စေ တရားစွဲဆိုရမည်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ)၊ အပိုဒ်၄၁၊ အပိုဒ် ၄၄ ခေါင်းစဉ်၊ အပိုဒ် ၄၅ တွင် ဖော်ပြထားသော ပုဒ်မ ၅၁(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခုအတည်ပြု ဆောင်ရွက်ပြီးသွားတဲ့ ပြင်ဆင်ဖြည့်စွက်ချက်များမှတစ်ပါး ဖြစ်တဲ့ ကျန်ရှိတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ အဆိုပြုပြင်ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် တင်ပြချက်အတည် ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)(ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)က အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆို တင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွေး က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးပြီး တစ်ပိုဒ်ချင်းစီအတည်ပြုပြီး ဖြစ်ပါသဖြင့် ဒီဥပဒေကြမ်းကြီး တစ်ခုလုံးကို အတည်ပြုပေးပါရန် ရိုသေစွာ အဆိုပြုအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၇။**

**ဦးဥက္ကာမင်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ အလုပ်သမား ဆိုင်ရာကော်မတီ)မှ ဦးကျော်ထွေး တင်သွင်းသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်းသည့် အဆိုအား တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဥက္ကာမင်း မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၀း၅၈ နာရီအချိန်တွင် ရပ်နားပါသည်။]